သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

**တပ်မတော် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးကာလ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးခြင်းနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာချက်**

ရက်စွဲ- ၂၀၁၉ ခုနှစ်၊ မေလ (၂)ရက်

၁။ ၂၀၁၈ခုနှစ်၊ဒီဇင်ဘာလ (၂၁)ရက်နေ့မှ ၂၀၁၉ ခုနှစ်၊ ဧပြီလ (၃၀) ရက်နေ့အထိ စစ်တိုင်းဌာနချုပ် (၅)တိုင်း၏ နယ်မြေများတွင် ငြိမ်းချမ်းရေးလုပ်ငန်းစဥ်များ ထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ ရပ်ဆိုင်းပေးသည့် လေးလတာကာလအား ၂၀၁၉ ခုနှစ်၊ ဇွန်လ(၃၀)ရက်နေ့အထိ ထပ်မံတိုးမြှင့် ရပ်ဆိုင်းပေးသော တပ်မတော် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ထုတ်ပြန်ကြေညာချက်ကို မိမိတို့သျှမ်းပြည် ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) မှ ကြိုဆိုပါသည်။

၂။ပစ်ခတ်တိုက်ခိုက်မှုရပ်ဆိုင်းပေးသည့် လေးလတာကာလအတွင်း တိုင်းရင်းသား လက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့်ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)၊ တပ်မတော် ဆွေးနွေး ညှိနှိုင်းရေးအဖွဲ့တို့နှင့် အကြိမ်ပေါင်းများစွာ တွေ့ဆုံဆွေးနွေးနိုင်ခဲ့ခြင်းသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်ရေးနှင့် ယုံကြည်မှုတည်ဆောက်ရေးအတွက် ကြီးစွာ အထောက်အပံ့ ဖြစ်စေခဲ့ပါသည်။

၃။ ထပ်မံတိုးမြှင့်ပေးသည့် နှစ်လတာကာလအတွင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရေးအတွက် သက်ဆိုင်သည့် အစုအဖွဲ့အသီးသီးတို့က အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးနိုင်မည်ဟု ယုံကြည်ပါသည်။

၄။ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေး၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး အကြပ်အတည်းများ ဖြေရှင်းကျော်လွှားနိုင်ရေးအတွက် မရှိမဖြစ် လိုအပ်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်စေရန် RCSS သည် အဖွဲ့အစည်းများအားလုံးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ ဒုတိယ ဗိုလ်မှူးကြီး စိုင်းမိဂ်ာ (+66 931 721 720)

၂။ ဒုတိယ ဗိုလ်မှူးကြီး စိုင်းဦး (+95 949 590 716)

၃။ ဗိုလ်မှူး စိုင်းခမ်းစံ (+66 808 794 053) (+66 861 179 611)